**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

စာအမှတ်၊ မစက/၆၀၁ /( ၆၉၁/၂၀၁၄)
ရက် စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်

သို့

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများအားလုံး

အကြောင်းအရာ။ **ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံရန်ကိစ္စ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီအစည်းအဝေး (၆/၂၀၁၄) တွင် အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

(က) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူများသည် အကြောင်းကြောင်းကြောင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားခြင်းကို ရပ်နားလိုပါက ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို စာရင်းကောင်စီရုံးသို့ ပြန်လည်အပ်နှံရန်၊

(ခ) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံထားသူများအား နှစ်ပြတ်ကြေး ကောက်ခံခြင်းမပြုရန်။

၂။ သို့ပါ၍ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားခြင်းကို ရပ်နားလိုပါက ရပ်နားလိုကြောင်း အကြောင်းကြားစာနှင့်အတူ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် မူရင်းများကို စာရင်းကောင်စီရုံးသို့ ပြန်လည်အပ်နှံပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမိန့်အရ

ကြည်ဝင်း
ညွှန်ကြားရေးမှူး

မိတ္တူ

ရုံးလက်ခံ
မျှော